ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၃–၂၀၁၄ ခုဘဏ္ဍာရေးနှစ်
# မွန်ပြည်နယ်၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၃-၂၀၁၄ ခု၊ဘဏ္ဍာရေးနှစ်

မွန်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၀ ။)

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ လ ၂၃ ရက်)

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟုခေါ် တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုး သက်ရောက်စေရမည်။

**အခန်း(၂)**

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း**

၂။ (က) မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ် တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်း စစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့် ဦးစီး ဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ၊ မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား(၁)၊ (၂) နှင့်(၃)တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲ နိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အရခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(အုန်းမြင့်)

ဝန်ကြီးချုပ်

မွန်ပြည်နယ်အစိုးရအဖွဲ့

မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ခုနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁။ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၂၉၆.၀၃၀ | | | ၇၆.၅၆၀ | | | |
| ၂။ | ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးသူ | ၈.၇၁၇ | | | ၅၁.၃၀၄ | | | |
| ၃။ | ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် (သို့မဟုတ်) ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ကတာဝန်ပေးသူ | ၂၃.၃၀၅ | | | ၇၀.၀၀၄ | | | |
| ၄။ | ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် (သို့မဟုတ်) ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၁၄.၂၁၃ | | | ၇.၀၀၀ | | | |
| ၅။ | ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် (သို့မဟုတ်) ပြည်နယ်စာရင်းစစ်ချုပ်ကတာဝန်ပေးသူ | ၉.၇၀၄ | | | ၁၀.၀၀၅ | | | |
| | ပေါင်း | | | ၃၅၂.၀၂၉ | | | ၂၁၅.၇၆၀ | | | |

## မွန်ပြည်နယ်ဝန်ကြီးဌာနများ ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ခုနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁။ | ၁ | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၁၁၀.၇၀၃ | | | ၂.၇၀၀ | | | |
| | | ၁။အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၁၀.၇၀၃ | | | ၂.၇၀၀ | | | |
| ၂။ | ၂ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄င်း | ၂၃.၁၆၉ | | | | | | |
| | | ၁။ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၁.၈၄၉ | | | | | | |
| | | ၂။စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၁.၃၂၀ | | | | | | |
| ၃။ | ၃ | သမဝါယမ | ၄င်း | ၁.၉၃၁ | | | ၇.၄၂၀ | | | |
| | | ၁။သမဝါယမဦးစီးဌာန | | | | | ၃.၀၀၀ | | | |
| | | ၂။အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁.၉၃၁ | | | ၄.၄၂၀ | | | |
| ၄။ | ၄ | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၄င်း | ၂၅.၄၄၆ | | | | | | |
| | | ၁။ငါးလုပ်ငန်းဦးစီးဌာန | | ၂.၁၀၀ | | | | | | |
| | | ၂။မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၃.၃၄၆ | | | | | | |
| ၅။ | ၅ | ဆောက်လုပ်ရေး | ၄င်း | ၅၄၅.၀၀၀ | | | ၁၃၀၀.၀၀၀ | | | |
| | | ၁။မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၀.၀၀၀ | | | | | | |
| | | ၂။အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၅၃၅.၀၀၀ | | | ၁၃၀၀.၀၀၀ | | | |
| ၆။ | ၇ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | ၁.၃၇၇ | | | | | | |
| | | ၁။စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁.၃၇၇ | | | | | | |
| ၇။ | ၉ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၄င်း | ၃၃.၀၁၉ | | | | | | |
| | | ၁။သစ်တောဦးစီးဌာန | | ၃၃.၀၁၉ | | | | | | |
| ၈။ | ၁၁ | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၂၄၀.၀၉၉ | | | ၅၁၀.၀၅၃ | | | |
| | | ပေါင်း | | ၉၈၀.၇၄၄ | | | ၁၈၂၀.၁၇၃ | | | |

## မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ခုနှစ် မွန်ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့ အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁။ | ၁ | ပြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၆ .၉၆၀ | | | | | | |
| | | ၁။မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၆ .၉၆၀ | | | | | | |
| ၂။ | ၂ | သတ္တုတွင်း | ၎င်း | ၉ .၃၀၅ | | | | | | |
| | | ၂။မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၉ .၃၀၅ | | | | | | |
| ၃။ | ၃ | ဆောက်လုပ်ရေး | ၎င်း | ၁၀၁၁ .၀၀၂ | | | | | | |
| | | ၁။ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၀၁၁ .၀၀၂ | | | | | | |
| | ပေါင်း | | | ၁၀၉၀ .၁၄၇ | | | | | | |